ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

အမှတ်(၅) တပ်မဟာဌာနချုပ်

ကော်သူးလေ

နေ့စွဲ။ မေလ (၁၄)ရက်၊ ၂၀၁၈

**KNLA ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် အမှတ်(၅)တပ်မဟာ ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး NCA စာချုပ်အပေါ် ရပ်တည်မှုနှင့် အမှတ်(၅)တပ်မဟာထိန်းချုပ်နယ်မြေအတွင်း မြန်မာ့တပ်မတော်၏လုပ်ဆောင်မှုများအား အသိပေးဖော်ပြခြင်း**

အထက်ပါအကြောင်းအရာများဖြစ်သည့် KNLA အမှတ်(၅)တပ်မဟာ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး၊ NCA စာချုပ်အပေါ် ရပ်တည်မှုနှင့် KNLA အမှတ်(၅) တပ်မဟာနယ်မြေအတွင်း မြန်မာ့တပ်မတော်၏လုပ်ဆောင်မှုအခြေအနေများအား အောက်ပါအတိုင်း အသိပေးဖော်ပြလိုပါသည်။

**(က) KNLA အမှတ်(၅) တပ်မဟာ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးနှင့် NCA စာချုပ်အပေါ် ရပ်တည်မှု**

(၁) KNLA အမှတ်(၅)တပ်မဟာသည် KNU ဗဟို၏ဦးစီးခေါင်းဆောင်မှုကိုအမြဲတစေခံယူလိုက်နာပြီး KNU ဗဟိုမှချမှတ်သည့်လမ်းစဉ်၊ လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်လျှက်ရှိနေပါသည်။

(၂) ယခုကာလငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် KNUဗဟိုဌာနချုပ်၏ရပ်တည်ချက်မူပေါ် လစီအတိုင်းရပ်တည်ပြီး အပစ်အခတ်ရပ်စဲရေးကာလ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ပျက်စီးစေနိုင်သည့်လုပ်ရပ်များအား လုံး လုံးဂလုပ်ဆောင်ခြင်းမပြုပါ။

(၃) မိမိထိန်းချုပ်နယ်မြေအတွင်း အရင်ပုံမှန်တပ်ဖြန့်ထားသည့်အနေအထားအတိုင်း နေထိုင်သွားလာလှုပ်ရှားပြီး မိမိထိန်းချုပ်နယ်မြေအပြင်သို့ လုံးဂသွားလာလှုပ်ရှားမှုမပြုပါ။

(၄) ပဏာမအပစ်အခတ်ရပ်စဲရေး စစချင်း မြန်မာ့တပ်တော်ဘက်မှ မိမိထိန်းချုပ်နယ်မြေအတွင်းသို့ ကျူးကျော်တည်ဆောက်ထားသည့် တပ်စခန်းများအတွက် ၎င်းတို့အုပ်ချုပ်မှုလုပ်ငန်းကိစ္စများအား အခက်အခဲမရှိလုပ်ဆောင်နိုင်ရန်နှင့် မိုင်းပြဿနာဖြစ်ပွားမှုမရှိစေရန် ယင်းတို့အတွက်သွားလာရမည့်လမ်းကြောင်းများနှင့် လှုပ်ရှားနိုင်သည့်တပ်စခန်းဧရိယာအကျယ်အဝန်းများအား သတ်မှတ်ပေးထားပြီး ၎င်းတို့၏အထက်အရာရှိများထံသို့ စာဖြင့်အသိပေးတင်ပြခဲ့ပါသည်။ ဤကဲ့သို့ သွားလာရမည့်လမ်းကြောင်းနှင့် လှုပ်ရှားနိုင်သည့်တပ်စခန်းများအကျယ်အဝန်းသတ်မှတ်ပေးရသည့်အကြောင်းရင်းမှာ အပစ်အခတ်ရပ်စဲရေးမပြုလုပ်မီကာလ မိမိတို့ဘက်

မှမြေမြှုပ်မိုင်းများနေရာအနှံ့ခင်းကျင်းထောင်ထားသည့်အတွက်ကြောင့် ၎င်းတို့မှမိုင်းဖြစ်စဉ်ဖြစ်ပွားမှုအား ရှောင်ရှားနိုင်ရန်ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။

(၅) KNLA အမှတ်(၅)တပ်မဟာသည်KNU၏နိုင်ငံရေးရည်ရွယ်ချက်၊ ရည်မှန်းချက်ဖြစ်သည့် အမျိုးသားတန်းတူရေး၊ စစ်မှန်သည့်ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးရရှိရေးအတိုင်း တစိုက်မတ်မတ်အခိုင်အမာရပ်တည်ပြီး နိုင်ငံတကာစံနှုန်းအမီ စည်းကမ်းတင်းကြပ်စွာဖွဲ့စည်းထားသည့်တပ်ဖွဲ့ ဖြစ်ပြီး ပြန်မာ့တပ်မတော်မှစွပ်စွဲပြောဆိုသလို တဖွတ်ထိုးခေါင်းမာသည့်တပ်ဖွဲ့၊ ငြိမ်းချမ်းရေးမလိုလားသည့် တပ်ဖွဲ့၊ စစ်တိုက် ချင်လွန်းသည့်တပ်ဖွဲ့ နှင့် စစ်သွေးကြွဆန်ဆန်တပ်ဖွဲ့ လုံးဝမဟုတ်ချေ။

(၆) အမျိုးသားတန်းတူရေး၊ စစ်မှန်သည့်ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး စသည့်အရေးများသည် နိုင်ငံရေးပြဿနာဖြစ်၍ ထိုအရေးများရရှိနိုင်ရန် အပစ်အခတ်ရပ်စဲပြီး စားပွဲခုံပေါ်တွင် နှစ်ဦးနှစ်ဖက်အချိန်ယူအကျေအလည်ဆွေးနွေးရမည်ကိုသဘောပေါက်ပြီး အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကိုအနှောင့်အယှက်အထိအခိုက်ဖြစ်စေနိုင်သည့်လုပ်ဆောင်မှုအရာမှန်သမျှ KNLA အမှတ်(၅)တပ်မဟာမှ လုံးဝလုပ်ဆောင်မှုမပြုပါ။

(၇) မြန်မာ့တပ်မတော်မှ ကန့်သတ်ထားသည့်နေရာဒေသများ၊ တပ်စခန်းတည်ရှိရာနေရာများနှင့် သွားလာခွင့်မပြုနိုင်သည့်နေရာများသို့ KNLA အမှတ်(၅)တပ်မဟာအနေဖြင့် ခွင့်တောင်း၍ဖြစ်စေ၊ ခွင့်မတောင်း၍ဖြစ်စေ လုံးဝသွားလာခြင်းမရှိပေ။

(၈) KNLA အမှတ်(၅)တပ်မဟာသည် အပစ်အခတ်ရပ်စဲရေးNCAစာချုပ်ကို မိမိတို့KNUခေါင်းဆောင်များမှ လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ စာချုပ်ပါအချက်အလက်၊ ကတိကဝတ်များကို လေးစားလိုက်နာပြီး CoC (Military Code of Conduct) ပါအချက်အလက်များဖြစ်သည့် နှစ်ဖက်တပ်များလိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများကိုလည်း တသွေမတိမ်းထိန်းသိမ်းလိုက်နာလျှက်ရှိပါသည်။

(၉) အမှတ်(၅)တပ်မဟာသည် မြန်မာ့တပ်မတော်အပေါ် ရန်မူခြင်း၊ ရန်စခြင်းစသည့်အပြုအမူဟူသမျှ အဘယ်သောအခါမှမလုပ်ဆောင်သည့်အပြင် အမြဲတစေထိန်းထိန်းသိမ်းသိမ်း။ပြုမူဆောင်ရွက်လျှက်ရှိသည်။

(၁၀) KNLAအမှတ်(၅)တပ်မဟာသည် စစ်မှန်ခိုင်မြဲသည့်ငြိမ်းချမ်းရေးအမှန်တကယ်လိုလားပြီး အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး NCA စာချုပ်အပေါ်အခွင့်ကောင်းယူအမြတ်ထုတ်ခြင်းလုံးဝမရှိချေ။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုရလဒ်ကောင်းများဖြစ်သည့် အမျိုးသားတန်းတူအခွင့်အရေး၊ စစ်မှန်သည့်ဖယ်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး စသည့်အခြေခံနိုင်ငံရေးအခွင့်အရေးများပေါ်ပေါက်လာစေရန်အမြဲမျှော်လင့်စောင့်စားလျှက်ရှိနေပါသည်။

## (၈) KNLA အမှတ်(၅)တပ်မဟာထိန်းချုပ်နယ်မြေဒေသအတွင်းမြန်မာ့တပ်မတော်၏စစ်ရေးလှုပ်ရှားမှုများ

`	(၁) ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးပြီးပြီးချင်း KNLA အမှတ်(၅)တပ်မဟာအတွင်းသို့ ကျူးကျော်ဝင်ရောက်တည်ဆောက်ထားခဲ့သည့် တပ်စခန်းများ၊ အမာခံတပ်စခန်းများဖြစ်စေရန် အခိုင်အမာပြုပြင်တည်ဆောက်ခြင်း၊ လူအင်အားများ၊ တဲများနှင့် ကျည်တိုက်များတိုးချဲ့ခြင်း။

(၂) ရဟတ်ယာဉ်ကွင်းများရာသီမရွေးဆင်းသက်ပျံသန်းနိုင်ရန် အခိုင်အခန့်မွမ်းမံပြုပြင်တည်ဆောက်ခြင်း၊ ရဟတ်ယာဉ်ကွင်းသစ်များတိုးချဲ့တည်ဆောက်ခြင်းနှင့် တပ်စခန်းအသစ်များတိုးချဲ့တည်ဆောက်ခြင်း။

(၃) မိမိတို့ဘက်မှသတ်မှတ်ပေးပြီး သွားလာလှုပ်ရှားရမည့်လမ်းကြောင်း၊ လှုပ်ရှားသွားလာနိုင်သည့် တပ်စခန်းဧရိယာအတိုင်း ယုံကြည်အလေးထားမှုမရှိပဲ ကျော်လွန်၍သွားလာခြင်းကြောင့် နစ်ရှည်မိုင်းဟောင်းများနင်းမိသည့်အခါတိုင်း မိမိတို့အဖွဲ့မှမိုင်းအသစ်ထောင်သည်ဟု စွပ်စွဲပြောဆိုအပြစ်ရှာခြင်း။

`	(၄) မိမိတို့KNLA အမှတ်(၅)တပ်မဟာထိန်းချုပ်နယ်မြေအတွင်း ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်ထားသည်ကို သိလျှက်သားဖြစ်သော်လည်း အကြောင်းအမျိုးမျိုးရှာကြံကာ မိမိတို့၏ရှေ့တန်းတာဝန်ရှိတပ်မှူးများထံသွားလာရန် တမင်သက်သက်ခွင့်တောင်းခြင်းနှင့် သွားခွင့်မပြုသည့်အခါ အထက်အမိန့်အရဟုဆိုကာ ရန်စစကားများ သုံးနှုန်းပြောဆိုခြင်း။

(၅) ၄င်းတို့သွားလိုသည့်နေရာများသို့ မိမိတို့ဘက်မှတာဝန်ရှိသူများကိုအကြောင်းကြားအသိပေးခြင်းတစ်စုံတစ်ရာမျှမရှိပဲ ၄င်းတို့၏ သဘောဆန္ဒအတိုင်းသွားလာပြီး မိမိတို့ဘက်မှတာဝန်ရှိသူများသည် ၄င်းတို့သွားလာလှုပ်ရှားမှုမပြုရန်အကြောင်းကြားပြောဆိုသည့်အခါ ၄င်းတို့သည် ပြည်ထောင်စုတပ်မတော်ဖြစ်၍ မည်သည့်တိုင်း၊ ပြည်နယ်နှင့် နေရာဒေသမဆို ၄င်းတို့သွားလာခွင့်ရှိသည်။ မိမိတို့ ဘက်မှပစ်ခတ်မှုပြုလာမည့်အချိန်ကိုသာစောင့်ဆိုင်းနေသည်ဟု ဂုဏ်သရေမဲ့စွာရန်စစကားများပြောဆိုလာသည်။ ထိုကဲ့သို့ သောအခြေအနေမျိုးတွင် မိမိတို့ဘက်ကတာဝန်ရှိသူများမှ ရန်ငြိုးမပွားလို၍ ၄င်းတို့အား တားဆီးမှုတစ်စုံတစ်ရာမပြုပဲ မသိလိုက်မသိဖာသာနေလိုက်ရသည့်အခါပေါင်းလည်း မနည်းရှိခဲ့ခြင်း။

(၆) ဖွံ့ဖြိုးရေးအကြောင်းပြချက်ဖြင့် KNLA အမှတ်(၅)တပ်မဟာထိန်းချုပ်နယ်မြေအတွင်း အုပ်ချုပ်ရေးနယ်မြေတိုးချဲ့ခြင်း၊ နယ်မြေစိုးမိုးရေးလုပ်ဆောင်ခြင်းများစဉ်ဆက်မပြတ်လုပ်ဆောင်နေခြင်း။

(၇) မိမိတို့ KNU/KNLA အဖွဲ့အစည်းကို နိုင်ငံရေးဆွေးနွေးဖက်၊ ငြိမ်းချမ်းရေးဖေါ်ဆောင်ဖက်များဟု မသတ်မှတ်ပဲ သောင်းကျန်းသူအဖျက်သမားများဟုနာမ်နိမ်ကာ အစဉ်အမြဲသမုတ်ခေါ်ဝေါ်နေဆဲဖြစ်ခြင်း။

(၈) မြန်မာ့တပ်မတော်မှ KNLA အမှတ်(၅)တပ်မဟာနယ်မြေအတွင်း တာဝန်ကျရှေ့တန်းတပ်ဖွဲ့များသည် KNLA အမှတ်(၅)တပ်မဟာ၏ ကန့်သတ်နယ်မြေအတွင်းသို့ သွားလာလှုပ်ရှားခွင့်မရှိမှန်းသိသော်လည်း KNLA တပ်မဟာ(၅)မှတပ်မှူးများစိတ်အနှောင့်အယှက်ဖြစ်စေရန် အထက်အမိန့်အရဟုဆိုကာ သွားလာလှုပ်ရှားခွင့်အမြဲတောင်းခံခြင်း။

(၉) မြန်မာ့တပ်မတော်သည် KNLAအမှတ်(၅)တပ်မဟာ၏ ထိန်းချုပ်နယ်မြေ၊ ကန့်သတ်နယ်မြေအတွင်းသို့ သူလျှိုများစေလွှတ်ထောက်လှမ်းခြင်းအလုပ်များအမြဲပြုလုပ်နေခြင်း။

(၁၀) စေတနာအမှန်မရှိပဲ ရိုးသယောင်ဟန်ဆောင်ပြီး KNLA အမှတ်(၅)တပ်မဟာထိန်းချုပ်နယ်မြေအတွင်းရှိ ကျေးရွာပြည်သူများအား ငွေကြေး၊ ဥစ္စာပစ္စည်းနှင့် လာဘ်လာဘအနည်းအကျဉ်း ဖြင့်မြူဆွယ်သိမ်းသွင်းပြီး KNUအဖွဲ့ အစည်းမှတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများအကြား အမြဲမပြတ်သပ်လျှိုသွေးခွဲခြင်းလုပ်ငန်းများပြုလုပ်ခြင်း။

(၁၁) နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊တို့ဖြင့်အကြောင်းပြကာ မိမိထိန်းချုပ်နယ်မြေအတွင်း အုပ်ချုပ်ရေးဒေသတိုးချဲ့ခြင်း၊ နယ်မြေစိုးမိုးမှုတိုးချဲ့ခြင်းလုပ်ငန်းများပြုလုပ်ခြင်း။

(၁၂) KNLA အမှတ်(၅)တပ်မဟာမှတာဝန်ရှိသူများနှင့်သော်လည်းကောင်း၊ KNU/KNLA ဗဟိုဌာနချုပ်မှတာဝန်ရှိခေါင်းဆောင်ကြီးများနှင့်သော်လည်းကောင်း ဆွေးနွေးညှိနိုင်းမှုမရှိပဲ KNLA ထိန်းချုပ်နယ်မြေအတွင်းကန့်သတ်နယ်မြေဖြစ်သည့် လယ်မူပလော၊ ခေးပူကြားရှိဒေသတွင်းသို့ တပ်အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းကြီးသဏ္ဌာန် ချီတက်နေရာယူပြီး ၄င်းတို့အတွက်စစ်ဆင်ရေးလမ်းကြောင်းကို အတင်းအဓမ္မဖေါက်လုပ်ခြင်း စသည့်လုပ်ဆောင်မှုများ လုပ်ဆောင်နေပါသည်။

**<u>(ဂ) KNLA အမှတ်(၅)တပ်မဟာထိန်းချုပ်နယ်မြေအတွင်း မြန်မာ့တပ်မတော်၏ပကတိလုပ်ဆောင်မှုများအပေါ် ခြုံငုံသုံးသပ်ချက်</u>**

(၁) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် မြန်မာ့တပ်မတော်မှ စားပွဲခုံပေါ်တင်ကာ ရုပ်သေးသဖွယ်ကစားသည့် နိုင်ငံရေးကစားကွက်တခုသာဖြစ်ပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး လိုလားတောင့်တသလို စစ်မှန်ခိုင်မြဲသည့်ငြိမ်းချမ်းရေးကိုဖေါ်ဆောင်မည်မဟုတ်ပါ။

(၂) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးကာလ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများလက်နက်ဖြုတ်သိမ်းရေးအစီအစဉ်(DDR)အား လက်ခံလာစေရန် လုပ်ဆောင်သည့်လုပ်ရပ်တစ်ရပ်သာဖြစ်သည်ဟု သုံးသပ်မိပါသည်။

(၃) NCA တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့အစည်းများထဲတွင် KNUသည် အင်အားအကြီးမားဆုံးဖြစ်ပြီး လက်နက်ဖြုတ်သိမ်းရေးအစီအစဉ်(DDR)ကို KNUမှ လက်ခံလိုက်လျှင် ကျန်အခြားအင်အားစုများသည် ၄င်းတို့အတွက်အရေးမကြီးတော့ပါဟု တွက်ဆထားပုံရ သည်။

(၄) KNUမှ လက်နက်ဖြုတ်သိမ်းရေးအစီအစဉ်(DDR)ကိုလက်မခံပဲငြင်းပယ်လျှင် KNUကို စစ်ရေးအရအရေးယူတိုက်ခိုက်ချေမှုန်းနိုင်ရေးနှင့် စစ်ရေးဖြင့်ပြန်လည်တိုက်ခိုက်ချေမှုန်းသည့်အခါ ပြည်တွင်းရော ပြည်ပပါ

၎င်းတို ့အပေါ်အထင်များအမြင်များမရှိစေရန် အမှတ်(၅)တပ်မဟာမှခွင့်မပြုနိုင်သည့်ဒေသတွင် ကားလမ်းဖေါက်လုပ်မှုပြုလျှင် KNLAအမှတ်(၅)တပ်မဟာမှ ၎င်းတို့အားခွင့်မပြုနိုင်သည့်အတွက် အလျင်စတင်ပစ်ခတ်မည်။ ထိုကဲ့သို့ KNLAအမှတ်(၅)တပ်မဟာမှ စတင်ပစ်ခတ်သည့်အခါ ၎င်းတို့အားအလျင်စတင်ပစ်ခတ်သည်ဟု ပြည်တွင်းရော၊ ပြည်ပပါအကြောင်းပြ၍ အမှတ်(၅)တပ်မဟာကိုပြန်လည်ပစ်ခတ်သည်နှင့်တဆက်တည်း KNUအဖွဲ့အစည်းတစ်ခုလုံးကိုစစ်ရေးအရ အရေးယူတိုက်ခိုက်ချေမှုန်းရန်အကွက်ချစီစဉ်ခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။

ထို့ကြောင့် မြန်မာ့တပ်မတော်မှထိပ်သီးခေါင်းဆောင်များအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက လက်ရှိဖေါ်ဆောင်နေသည့်အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး၊ NCAစာချုပ်အပေါ်အလေးအနက်ထားရမည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ပြည်တွင်းစစ်ကိုနှစ်ရှည်လများဖြစ်ပေါ်စေသည့် နိုင်ငံရေးပြဿနာအခြေခံအကြောင်းရင်းအချက်အလက်အားလုံးကို စီစစ်ကောက်နှုတ်ပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲစားပွဲခုံပေါ်သို့တင်၍ အသေးစိတ်အကျေအလည် ဆွေးနွေးရမည်ဖြစ်သည်။ ထိုသို့ဆွေးနွေးရာတွင် ပြင်သင့်၊ ပြောင်းသင့်သည့်အရာများကို ပြုပြင်ပြောင်းလဲပစ်ပြီး တိုင်းရင်းသားပြည်သူအားလုံးလက်ခံနိုင်သည့်အဖြေရလဒ်ကို မရရအောင်ဆွေးနွေးရယူရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပဲ မြန်မာ့တပ်မတော်ထိပ်သီးခေါင်းဆောင်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် NCAစာချုပ်ကို ပေါ့ပေါ့တန်တန်သဘောထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တော်လှန်ရေးအင်အားစုများလက်နက်ဖြုတ်သိမ်းရန် နိုင်ငံရေးကစားကွက်တစ်ခုအဖြစ် ယခင်မြန်မာ့စစ်ဗိုလ်ချုပ်ကြီးများကဲ့သို့သာသဘောထားပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးစားပွဲခုံပေါ်တင်၍ကစားလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးရရှိမည်မဟုတ်ပဲ နိုင်ငံကိုရေရှည်ဒုက္ခပေးနေသည့်ပြည်တွင်းစစ်သို ့ပြန်လည်ဦးတည်သွားနိုင်ကာ တိုင်းရင်းသားပြည်သူအများလိုလားတောင်းတပြီး ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးရရှိနိုင်တော့မည်မဟုတ်ကြောင်း အတိအလင်းထပ်မံဖေါ်ပြလိုက်ရပါသည်။

စစ်ဘက်ရေးရာကော်မတီ

အမှတ်(၅)တပ်မဟာ

ကေအဲန်အယ်လ်အေ၊ အမှတ်(၅)တပ်မဟာဌာနချုပ်


<u>ဆက်သွယ်ရန်</u>

ဖုန်း- ၀၅၃၀၇၁၆၀၀